နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

၁၉၉၂ ခုနှစ်၊ နိုင်ငံတော်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၄/၉၂)

၁၃၅၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

(၁၉၉၂ ခုနှစ်၊ မတ်လ ၃၀ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အပိုင်း (၁)

အမည်နှင့် စတင်အာဏာတည်သည့် နေ့ရက်

၁။ (က) ဤဥပဒေကို **၁၉၉၂ ခုနှစ်၊ နိုင်ငံတော်၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၁၉၉၂-၉၃ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၁၉၉၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာတည်ရမည်။

အပိုင်း (၂)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊

ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊

အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်

ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

အခန်း (၁)

ရငွေများနှင့် သုံးငွေများ

၂။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃)နှင့် (၄)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်၊

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်၊

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ဇယား (၁)နှင့် (၃)တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီရငွေနှင့် အခန်း(၃)အရ ချေးယူရငွေတို့သည် လျာထားသည်ထက် ပိုမိုရရှိလျှင် ထိုသို့ပိုမိုရရှိသော ပြည်ပအကူအညီရငွေ၊ ချေးယူရငွေတို့ဖြင့်

ကျခံရမည့် လုပ်ငန်းအသုံးစရိတ်များကို ဇယား(၂)နှင့်(၄)တို့တွင် ဖော်ပြခွင့် ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက အစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ခွင့်ပြုနိုင်သည်။ သို့ရာတွင် ထိုသို့ပြည်ပမှ အကူအညီရငွေ၊ ချေးယူရငွေများကြောင့် နိုင်ငံတော်၏ဘဏ္ဍာမှ ကျပ်ငွေဖြင့် ကျခံသုံးစွဲရမည့် အသုံးစရိတ်များအတွက် ဇယား (၂)နှင့်(၄)တို့တွင် ဖော်ပြထားသော ငွေဖြင့် မလုံလောက်ပါက ပုဒ်မ ၆ ပါပြဋ္ဌာန်းချက်များနှင့်အညီ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်။

(ခ) အစိုးရအဖွဲ့သည် ပုဒ်မခွဲ(က)အရ ပိုမိုသုံးစွဲခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်းအကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ တင်ပြရမည်။

၅။ လုပ်ငန်းလိုအပ်ချက်အရ ဇယား (၁)၊ (၂)၊ (၃) နှင့် (၄)တို့တွင် ဖော်ပြထားသော ငွေများပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ တင်ပြသော ၁၉၉၂-၉၃ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

အခန်း (၂)
သီးသန့်ရန်ပုံငွေ

၆။ (က) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဇယား(၃) စာတိုင် ၁၂ တွင် ဖော်ပြထားသော သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါစည်းကမ်းချက်များနှင့်အညီသာလျှင် ဆောင်ရွက်ခွင့်ရှိသည် -

(၁) ကြိုတင်မမျှော်မှန်းနိုင်သော အသုံးစရိတ်ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင် မဖြစ်သည့်ကိစ္စဖြစ်ခြင်း၊

(၃) တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရခေါင်းစဉ်လွှဲပြောင်းကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်း ကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း၊

(ခ) သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်၊

(ဂ) အစိုးရအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ တင်ပြရမည်။

၇။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဤဥပဒေအရ လျာထားသော ရငွေတို့ထက်တိုး၍ သို့မဟုတ် လျော့၍ရသော ရငွေများနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်း သုံးစွဲသည့်အသုံးစရိတ်များနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ သီးသန့်ရန်ပုံငွေမှ ထုတ်ယူသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ပုဒ်မ ၄အရ အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးရိတ်များနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ နိုင်ငံတော်၏နောက်ထပ် ရငွေသုံးငွေအဖြစ် တင်ပြတောင်းခံခွင့် မရှိစေရ။ သို့ရာတွင် ပုဒ်မ ၆ ၌ ပါရှိသော စည်းကမ်းချက်များနှင့် ညီညွတ်သည့် အသုံးစရိတ်များအတွက် ဤဥပဒေအရ ခွင့်ပြုထားသော သီးသန့်ရန်ပုံငွေနှင့် လုံလောက်ခြင်းမရှိပါက အသုံးစရိတ်တစ်ခုချင်းအတွက် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ တင်ပြတောင်းခံနိုင်သည်။

အခန်း (၃)

ငွေချေးယူခြင်း

၈။ အစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းပါ အသုံးစရိတ်အတွက်ဖြစ်စေ နိုင်ငံတော်က တာဝန်ယူသည့် ငွေချေးစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းဖြင့်လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ငွေချေးယူနိုင်သည်။ ထိုသို့ချေးငွေရယူသည့် အခါ သင့်သည်ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်၍ ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွှေးရန် သို့မဟုတ် အခြားနည်း စီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။

၉။ ယခင် ဘဏ္ဍာရေးနှစ်အတွင်းက လိုအပ်ငွေများ ဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့်ချေးငွေများနှင့် စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် လဲလှယ်နိုင်သည်။

၁၀။ အစိုးရအဖွဲ့၏သဘောတူခွင့်ပြုချက်ဖြင့် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် လုပ်ငန်းစီမံချက်များအတွက် ပြည်ပမှငွေချေးယူနိုင်သည်။

၁၁။ (က) အစိုးရအဖွဲ့သည် ဤအခန်း (၃)ပါ ကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကို ဖြစ်စေဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးအား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်၊

(ခ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးသည် ဤအခန်း(၃)အရ ငွေချေးယူသောကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၁၂။ ၁၉၉၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၁၉၉၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်း(၃)အရ ငွေချေးစာချုပ် ချုပ်ဆိုပြီးနောက် အမှန်တကယ် ချေးယူလက်ခံရရှိသည့် ငွေစုစုပေါင်းသည် ကျပ်သန်း တစ်သောင်းငါးထောင်ပမာဏထက် မပိုစေရ။

အပိုင်း (၃)

နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ

၁၃။ နိုင်ငံတော်၏စီးပွားရေး အဖွဲ့အစည်းများသည် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၁၄။ (က) နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅)နှင့်(၆)တို့တွင် မိမိနှင့်ယှဉ်တွဲ ဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်၊

(ခ) ပုဒ်မခွဲ (က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအားလွှဲအပ်ဆောင်ရွက်စေနိုင်သည်၊

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၅။ (က) အစိုးရအဖွဲ့သည် နိုင်ငံတော်၏စီးပွားရေး အဖွဲ့အစည်းများ၏ လုပ်ငန်းအရလိုအပ်လျှင် ဇယား(၅)နှင့် (၆)တို့တွင် ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ တင်ပြသော ၁၉၉၂-၉၃ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့် အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) အစိုးရအဖွဲ့သည် နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးနိုင်သည်။

အပိုင်း (၄)

စည်ပင်သာယာရေး ကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ

၁၆။ စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၁၇။ (က) စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၇)နှင့်(၈)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်၊

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်၊

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၈။ (က) အစိုးရအဖွဲ့သည် စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား(၇)နှင့်(၈)တို့တွင် ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ တင်ပြသော

၁၉၉၂-၉၃ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) အစိုးရအဖွဲ့သည် စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း၊ လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၁၉။ စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်ကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။